# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၃၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆီဆိုင်မြို့ရှိ ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှု၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်

နေပြည်တော် စက်တင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များအတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည့် PNLO အဖွဲ့၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသခံတိုင်းရင်းသားပြည်သူများ နေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များတွင် တိုက်ပွဲများဖော်ဆောင်ခြင်း၊ သာသနိကအဆောက်အဦများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။


စာမျက်နှာ ၃ ကော်လံ ၁ ✪



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၅ ရက်သာ လိုတော့သည်။



# ဉာဏ်ပညာရှေ့ထား၍ သတိပြုရှောင်ရှား

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ခြင်းသည် တပ်မတော်၏ အဓိကတာဝန်တစ်ရပ်ဖြစ်သည်။ လက်ရှိ မိမိတို့နိုင်ငံဖြတ်သန်းနေရသည့် အခြေအနေမှာ အယူဝါဒမတူ၊ ဦးတည်ချက်၊ ရည်မှန်းချက်မတူ၊ အကျိုးစီးပွားမတူသော လက်နက်ကိုင်အကြမ်းဖက်အုပ်စုကွဲများစွာတို့က နိုင်ငံကို တစ်စစီဖြစ်အောင် ဖြိုခွဲဖျက်ဆီးပြီး အပျက်အစီး အစိတ်အပိုင်းအသီးသီးတို့အပေါ်တွင် တစ်ဗိုလ်တစ်မင်း အာဏာထူထောင်ရန်ဟူသောအကြံဖြင့် မီးကုန်ယမ်းကုန် အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးနေကြသည့် အခြေအနေပင်ဖြစ်သည်။

လူမှုကွန်ရက်မီဒီယာများတွင် တွေ့ရှိရသော အချက်အလက်များ၊ သတင်းများအရ တော်လှန်ရေးဟုအမည်ခံထားသည့် ခေါင်းစဉ်အောက်တွင် လက်ဟောင်းလူမျိုးစုလက်နက်ကိုင် သောင်းကျန်းသူအဖျက်သမားများ၊ ၂၀၂၁ ခုနှစ်အလွန်တွင် ထွက်ပေါ်လာသည့် အကြမ်းဖက်အုပ်စု NUG ၏ လက်ဝေခံ PDF အကြမ်းဖက်သမားများ၊ ဒေသအလိုက် ဗိုလ်လုပ်နေကြသည့် လက်နက်ကိုင်အုပ်စုကွဲများ၊ သောင်းကျန်းသူအချို့က ပြန်လည်အသက်သွင်း ပွဲထုတ်ပေးလာသည့် ဗကပများစသည်ဖြင့် အများအပြား ပါဝင်နေပြီး ၎င်းတို့အချင်းချင်း နယ်လုခြင်း၊ ဗိုလ်လုခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ငွေကြေးလိမ်လည်ခြင်း စသည်ဖြင့် ရှုပ်ထွေးနေကြသည်ကို တွေ့ရသည်။ ဆူပူမှုအစောပိုင်းကာလတွင် အများကြိုက်ကြွေးကြော်ခဲ့ကြသည့် ဒီမိုကရေစီရေး၊ ဖက်ဒရယ်ရေး စသည့်အသံများကို နောက်ပိုင်းတွင် လျှော့ချလာပြီး စစ်အာဏာရှင်ဖြုတ်ချရေးဟူသည့်အသံဖြင့် အစားထိုးလာကြသည်မှာ သတိပြုဖွယ်ရာဖြစ်သည်။ ဤသည်မှာ နိုင်ငံမပြိုကွဲအောင် စုစည်းထားနိုင်သည့် တစ်ခုတည်းသောအင်အားဖြစ်သည့် တပ်မတော်ကို ဖယ်ရှားရှင်းလင်းရန်နှင့် တပ်မတော်မရှိတော့သည့် နိုင်ငံတွင် ထင်တိုင်းကြဲနိုင်ရန် အဓိကဦးတည်ထားခြင်းဖြစ်သည်ကိုလည်း နားလည်ထားကြရန်လိုသည်။ တစ်ချိန်က ပဲခူးရိုးမမှ ထွက်ပြေးသွားခဲ့ရပြီး အရှေ့မြောက်ဒေသတွင် ချုပ်ငြိမ်းသွားခဲ့သည့် ဗကပများ တစ်ဖန်ပြန်လည်ပေါ်ထွက်လာပြီး ဒီမိုကရေစီအမည်ခံထားသည့် အကြမ်းဖက် NUG နှင့် အတူတကွ တော်လှန်ရေးလှုံ့စီးနေကြသည်မှာ ပေါ်ပေါ်ထင်ထင် ဖြစ်လာပြီဖြစ်သည်။

မိမိတို့၏ ပြည်ထောင်စုကို ပြိုကွဲပျက်စီးအောင် လက်ဝဲလက်ယာ အဖျက်သမားတို့က ဝိုင်းဝန်းတိုက်ခိုက်ကြရာတွင် ပြည်ပအင်အားကြီးလက်မည်း၏နောက်ကွယ်မှ ကြိုးကိုင်မှုမှာလည်း သတိပြုဖွယ်ပင်ဖြစ်သည်။ မကြာမီက အနောက်အုပ်စုအင်အားကြီးနိုင်ငံမှ လူပုဂ္ဂိုလ်တစ်ဦးနှင့် မြန်မာနိုင်ငံမှ လူမျိုးစုလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ (၄) ဖွဲ့တို့ တွေ့ဆုံမှုပြုခဲ့သည်ဆိုသည့်သတင်းများ ထွက်ပေါ်ခဲ့သည့်နောက်ပိုင်းတွင် ဘာသာရေးအရ သွေးခွဲမှုလုပ်ရပ်များ အရှိန်မြင့်တက်လာသည်မှာ တိုက်ဆိုင်မှုမဟုတ်ဟု ဆိုနိုင်သည်။ လူမျိုးစုလက်နက်ကိုင်သောင်းကျန်းသူများ၏ ဖော်မြူလာဖြစ်သော လူမျိုးရေးမုန်းတီးစေရန် လှုံ့ဆော်မှုများအပြင် ဘာသာရေးအရပါ မုန်းတီးရန်၊ သွေးကွဲရန် ဖန်တီးလာကြခြင်းမှာ ယုတ်မာပက်စက်၍ အောက်တန်းကျသည့် နည်းလမ်းဖြစ်သည့်အလျောက် ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည့် မိမိတို့နိုင်ငံ၏ ပြည်ထောင်စုဖွား သားချင်းများအားလုံးက ဉာဏ်ပညာရှေ့ထားကာ သတိပြုရှောင်ရှားကြရန်လိုသည်။

လက်ရှိကာလတွင် မြို့ရွာဒေသအချို့ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူတို့၏ ထိန်းချုပ်မှုအောက် ကျရောက်လျက်ရှိရာ ယင်းအခြေအနေသည် ကာလရှည်ကြာခွင့်ပြုထား၍မရဘဲ နိုင်ငံတော်၏အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုယန္တရားအောက်သို့ မဖြစ်မနေ ပြန်လည်ထားရှိရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် “လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေးယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိမှု၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်ကို အထူးသတိပြုကြရန်လိုသည်။

ဒီမိုကရေစီစနစ်အရ နိုင်ငံ၏အချုပ်အခြာအာဏာကို ပိုင်စိုးသူမှာ ပြည်သူလူထုဖြစ်ပြီး အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်သူ (Guardian) မှာ တပ်မတော်ပင်ဖြစ်သည့်အလျောက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတာဝန်များကို ထမ်းဆောင်ရာတွင် တိုင်းရင်းသား နိုင်ငံသားပြည်သူတစ်ရပ်လုံး တက်ကြွစည်းလုံးညီညွတ်စွာ ပါဝင်ကြရပါမည့်အကြောင်း။ ။



## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် ( ၄ ) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး။

## အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (၂၀၄၅) ၏ မဟာဗျူဟာစီမံချက်များ ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃) ရပ်၏ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅၏ မဟာဗျူဟာစီမံချက်များ ရေးဆွဲရေးနှင့်စပ်လျဉ်းသည့် အာဆီယံအသိုက်အဝန်း မဏ္ဍိုင်(၃)ရပ်၏ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် ဒုတိယအကြိမ် ညှိနှိုင်းပြီးစီးခဲ့ခြင်း အပါအဝင် အာဆီယံမဏ္ဍိုင် (၃) ရပ်နှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ မဟာဗျူဟာစီမံချက်များ ရေးဆွဲနေမှု၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဟူသည့် အာဆီယံမဏ္ဍိုင် (၃) ရပ်နှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်ရေး ကဏ္ဍအောက်ရှိ သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့အစည်းများ (Sectoral bodies) များအနေဖြင့် သက်ဆိုင်ရာ မဟာဗျူဟာစီမံချက်များ ရေးဆွဲရေးတွင် နီးကပ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အာဆီယံ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးတွင် လူ့စွမ်းအားအရင်းအမြစ်နှင့် အရင်းအမြစ်များ စုစည်းအသုံးချရေးအကြား ကွာဟချက်မရှိစေရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသာမက သက်ဆိုင်ရာ အမျိုးသားအာဆီယံဌာနများ ခိုင်မာအားကောင်းရန်လည်း လိုအပ်ကြောင်းကိုလည်း အလေးထားပြောကြားခဲ့သည်။

ထို့နောက် အာဆီယံမဏ္ဍိုင်(၃) ရပ်ကို အဓိကတာဝန်ယူဆောင်ရွက်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံချက်များ ညှိနှိုင်းရေးဆွဲနေမှု၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်၏ အဆိုပြုလုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ တက်ရောက်လာသည့် ကိုယ်စားလှယ်များအကြား ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ အတွေးအမြင်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆီဆိုင်မြို့၌ အသစ်ပြန်လည်တည်ဆောက်မည့် မြို့မဈေးနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

◆ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုတို့မှလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လို

◆ ရှေ့သို့မတိုးနိုင်ဘဲ ရပ်တန့်နေခြင်းသည် ဒေသနှင့်နိုင်ငံတော်အတွက် ဆုံးရှုံးမှုပင်ဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

*ရှေ့ဖုံးမှ*

ထိုသို့ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်ဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေများအား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အေးချမ်းစွာသွားလာနေထိုင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ကြီး-ဟိုပုံး-ဆီဆိုင် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရှမ်းတိုင်းရင်းသားများနှင့် ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာသွားလာနေထိုင်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုသည်။

**ထည့်သွင်းစဉ်းစားဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့သို့ ရောက်ရှိရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်ဆီဆိုင်မြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်သွားမည့် အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသစ်ပြန်လည်ဆောင်ရွက်မည့် မြို့မဈေးအား ခေတ်နှင့်လျော်ညီသည့် အဆင့်မြင့်ဈေးပုံစံဖြစ်စေရေး၊ ဆိုင်ခန်းများ သင့်တင့်သည့်အကျယ်အဝန်းဖြစ်စေရေး ဆောင်ရွက်သွားရန်၊ ရေ၊ မီးစနစ်များ၊ ယာဉ်ရပ်နားရန်နေရာများမှအစ စနစ်တကျတွက်ချက်၍ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဝန်ထမ်းအငှားအိမ်ရာသို့ရောက်ရှိကြရာ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇဝနရာမကျောင်းတိုက်သို့ ရောက်ရှိကြပြီး လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာသီလနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆီဆိုင်မြို့မှ

*စာမျက်နှာ ၄ သို့*

❑ အစဉ်အဆက် တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်ခဲ့သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLO အကြမ်းဖက်အဖွဲ့၏ အခွင့်အလမ်းတစ်ခုကိုမျှော်မှန်းပြီး ဆောင်ရွက်သည့် မိုက်မဲသည့်အကြမ်းဖက်လုပ်ရပ်ကြောင့် ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရ

❑ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာ ရပ်တန့်နေ၍မရဘဲ ရှေ့သို့အစဉ်အဆက် ဆက်လက်လှမ်းချီနေရမည်၊ အလုပ်လုပ်နေရမည်ဖြစ်




အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့ရှိ အဆောက်အအုံများကို တွေ့ရစဉ်။

*စာမျက်နှာ ၃ မှ*
ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ရေခံမြေခံကောင်းကို ပိုင်ဆိုင်ထားသည့်ဒေသဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလားအလာကောင်းများကိုပိုင်ဆိုင်ထားသည့်ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ သို့သော်လည်း **အစဉ်အဆက်တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်ခဲ့သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLO အကြမ်းဖက်အဖွဲ့၏ အခွင့်အလမ်းတစ်ခုကို မျှော်မှန်းပြီး ဆောင်ရွက်သည့်မိုက်မဲသည့်အကြမ်းဖက်လုပ်ရပ်ကြောင့် ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာ ရပ်တန့်နေ၍မရဘဲ ရှေ့သို့ အစဉ်အဆက် ဆက်လက်လှမ်းချီနေရမည်၊ အလုပ်လုပ်နေရမည်ဖြစ်**ကြောင်း၊ ရပ်တန့်နေပါက မိမိတို့အနေဖြင့် နောက်တွင်ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးကြန့်ကြာနေရကြောင်း၊ ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည်မှာ ဒေသခံများသာဖြစ်သကဲ့သို့ ဒေသ၏ မတည်ငြိမ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျအောင် ဆောင်ရွက်သည်မှာလည်း ဒေသခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အတူတကွ ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသ၏အကျိုးကို အမြင်ကျယ်ကျယ်ဖြင့်ကြည့်၍ အသိဉာဏ်ပွင့်လင်းပြီး အပြုသဘောဆောင်သည့်လုပ်ဆောင်မှုများဖြင့် ဖော်ဆောင်ကြရန်လိုကြောင်း။

### ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ဒေသ၏ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့်ဒေသခံများ ပညာရေးကို အားပေးကြစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဒေသ၏ အနာဂတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှတတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုတို့မှလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှေ့သို့မတိုးနိုင်ဘဲ ရပ်တန့်နေခြင်းသည် ဒေသနှင့်နိုင်ငံတော်အတွက် ဆုံးရှုံးမှုပင်ဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇဝနရာမကျောင်းတိုက် လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာသီလထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

### ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ *စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*
မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ဆီဆိုင်ဒေသကို**
**အမြန်ဆုံးပြန်လည်ရယူထိန်းချုပ်နိုင်ခဲ့**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့သည် ပင်လယ်ရေမျက်နှာပြင် အထက် ၃၃၁၀ ပေတွင် တည်ရှိပြီး မြောက်ဘက်တွင် ဟိုပုံးမြို့နယ်၊ အရှေ့ဘက်တွင် မောက်မယ်မြို့နယ်၊ တောင်ဘက်တွင် ကယားပြည်နယ်၊ အနောက်ဘက်တွင် ဖယ်ခုံမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိပြီး ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်ကြသည့် မြို့တစ်မြို့ဖြစ်သည်။ သို့သော်လည်း PNLO အကြမ်းဖက်အဖွဲ့အနေဖြင့် KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမား၏ မြှောက်ပင့်စည်းရုံးမှုကြောင့်ဒေသအတွင်း အာဏာတည်ဆောက်နိုင်ရေး၊ အကြမ်းဖက်အုပ်ချုပ်ရေးအတွက် အကြောင်းတရားဖြင့် မိမိတို့လူမျိုးတူ ပအိုဝ်းတိုင်းရင်းသားတို့အပေါ် စာနာမှုကင်းမဲ့စွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ခြင်းကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် PNLO အကြမ်းဖက်အဖွဲ့၏ မိမိလူမျိုးချင်းအပေါ် သစ္စာမဲ့စွာလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှလက်ခံနိုင်ခြင်း မရှိသဖြင့် ဆီဆိုင်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် ရွာလုံးကျွတ်နီးပါး အင်အားစုစည်း၍ တပ်မတော်၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းလက်တွဲပြီး အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏လက်မှ ဆီဆိုင်ဒေသကို အမြန်ဆုံးပြန်လည်ရယူ ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဆီဆိုင်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကာ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်ရလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့်လည်း ပြန်လည်ဝင်ရောက်နေထိုင်၍ အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

# ပဲခူးတိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ပဲခူး စက်တင်ဘာ ၄**

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို တေးသံရှင် ဟံသာစိုးမင်းနှင့် နန်းထိုက်ရွှေစင်တို့က "ရွှေဆုတွေဝိုင်း ရွှေပဲခူးတိုင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြိုင်ပွဲဝင်များသည် မိမိတို့၏ အနုပညာနယ်ပယ်အသီးသီးတွင် အရည်အချင်းရှိသူများ ဖြစ်သော်လည်း နိုင်ငံတော်အဆင့် ပြိုင်ပွဲမှာ ရွှေတံဆိပ်များ ရရှိနိုင်ရန်အတွက် အမှတ်ပေးစံနှုန်းများနှင့် ညီညွတ်အောင် ဝတ်စားဆင်ယင်၊ တီးခတ်သီဆိုကပြယှဉ်ပြိုင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရွေးချယ်ခံထားရသည့် ပြိုင်ပွဲဝင်များအနေဖြင့် အကဲဖြတ် အမှတ်ပေးချက်နှင့်အညီ စနစ်တကျသင်ကြားပြသပေးမည့် ပညာရှင်များ၏ အကြံဉာဏ်တို့အား မှတ်သားလိုက်နာ၍ နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးတွင် ပဲခူးတိုင်းဒေသကြီးအတွက် အောင်မြင်မှုများရရှိအောင် စခန်းသွင်းလေ့ကျင့်သည့် ကာလမှစတင်၍ ပြိုင်ပွဲပြီးဆုံးသည်အထိ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် ပြိုင်ပွဲတစ်လျှောက် ကြီးကြပ်ခြင်း၊ အမှတ်ပေးခြင်း၊ အကဲဖြတ်ခြင်းများ ဆောင်ရွက်ပေးခဲ့သည့် အနုပညာရှင်ကြီးများနှင့် ရွှေတံဆိပ်ဆုရရှိသူ ရှစ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လည်းကောင်း၊ ဘာသာရပ်အလိုက် ရွှေတံဆိပ်ဆုရရှိသူ ရှစ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်များအလိုက် ပထမဆု၊ အထူးဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာသည့်ဧည့်သည်တော်များအား ပြိုင်ပွဲဝင်များက ဆုရသီချင်းများဖြင့် တီးခတ်သီဆို ကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပြန်လည်ပေးအပ်သည်။ ၎င်းနောက် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြောကြားပြီး ဒိုင်အဖွဲ့များအတွက် ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဘာသာရပ်အမျိုးအစား ၂၂ ခု၊ ပြိုင်ပွဲဝင်အဆင့်ပေါင်း ၁၀၃ ခု၊ ပြိုင်ပွဲဝင်ဦးရေ ၂၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၈၂ ခု၊ အထူးဆု ၈၁ ခု၊ ငွေတံဆိပ် ၈၂ ခု၊ ကြေးတံဆိပ် ၄၆ ခုနှင့် နှစ်သိမ့်ဆု ၃၂ ခု စုစုပေါင်းဆုတံဆိပ် ၃၄၃ ခုအား ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# နမ့်စန်မြို့ ပန်လင်းဆိုင်ကျေးရွာ၌ ၂၀၂၄ ခုနှစ် မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်ပြီး ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နမ့်စန်မြို့ ဝမ်ပိန်းကျေးရွာအုပ်စု ပန်လင်းဆိုင်ကျေးရွာ၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်အပင်များကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများထံ ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ သစ်ပင်ပျိုးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။**(ဝဲပုံ)**

အဆိုပါ ၂၀၂၄ ခုနှစ် မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲတွင် မန်ဂျန်ရှားပင် ၁၄၈၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ပုသိမ် စက်တင်ဘာ ၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို စက်တင်ဘာ ၂ ရက်က ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါထပ်ဆင့်ရှင်းလင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေးက ပြည်ထောင်စုတရားလွှတ်တော် ချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)နယ်မြေအတွင်း နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား စစ်ဆေး

❖ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိ

❖ လွိုင်ကော်မြို့နှင့် ဆက်စပ်နေရာများတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကယားပြည်နယ်အား ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်

❖ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုများ အောင်မြင် အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက် သွားရန်လို

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး အောင်ကျော်ခိုင်က နယ်မြေဒေသလုံခြုံရေးအတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့နှင့် လွိုင်ကော်လေဆိပ်လုံခြုံရေး၊ လမ်း၊ တံတားများ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တပ်နယ်များအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ KNPP အဖွဲ့ ၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်မှုပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများဖမ်းဆီးရမိမှုနှင့် လက်နက်ခဲယမ်းများသိမ်းဆည်းရမိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လိုအပ်သည်များကိုလမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၁ ခုနှစ်မှစတင်၍ လွိုင်ကော်ဒေသအတွင်း တိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် လွိုင်ကော်ဒေသတို့တွင် တိုက်ပွဲများတစ်ချိန်တည်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအနေဖြင့် ကြံ့ကြံ့ခံ၍ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လွိုင်ကော်မြို့နှင့် ဆက်စပ်နေရာများတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကယားပြည်နယ်အား ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့နယ်၌ တောင်သူများအား ရိုဘတ်စတာ ကော်ဖီပျိုးပင်များ ဖြန့်ဖြူးပေးအပ်

**လက်ပံတန်း စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ သီးသန့်/သီးညှပ် စိုက်ပျိုးနိုင်ရေး ရိုဘတ်စတာ ကော်ဖီပျိုးပင်များ ဖြန့်ဖြူးပေးအပ်ပွဲကို စက်တင်ဘာ ၄ ရက်က ချမ်းသာကုန်းစိုက်ပျိုးရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးညဏ်မြင့်က စိုက်ပျိုးသီးနှံအသစ် ရိုဘတ်စတာကော်ဖီစိုက်ပျိုးနည်းကို ရှင်းလင်းပြောကြားပြီး ပျိုးပင်ပေါင်း ၇၂၀၀ ပေးအပ်ရာ ကော်ဖီစိုက်တောင်သူလေးဦးက လက်ခံယူသည်။(ဓာတ်ပုံ) လက်ပံတန်းမြို့နယ်တွင် ဒေသတွင်းစိုက်ပျိုးသီးနှံအသစ် စတင်စိုက်ပျိုးခြင်းဖြစ်ပြီး ကော်ဖီစိုက်တောင်သူများ တိုးပွားလာစေရေးအတွက် တစ်ဧကလျှင် ကော်ဖီပျိုးပင် ၂၀၀ သီးညှပ်စိုက်ပျိုးရန် လျာထားပြီး စုစုပေါင်း ၃၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# လှိုင်ကော်ဒေသအတွင်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ပြင်ဆင်ပေးမည်

## နိုင်ငံတော်ကတည်ဆောက်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့၏အသိစိတ်ဓာတ်ဖြင့် ကိုယ်စီထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ ပေးအပ်စဉ်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ လှိုင်ကော်မြို့အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိမှု၊ လူနေရပ်ကွက်များအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်ပင်များစိုက်ပျိုးထားရှိမှု၊ ဒေသတွင်း ဆန်နှင့်ဆီဖူလုံမှု၊ သီးနှံစိုက်ပျိုးမှုများ အထွက်နှုန်းတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ချေးပေးထားမှု၊ လှိုင်ကော်စက်မှုဇုန် ပြန်လည်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် မြေဩဇာများနှင့် အစေ့ချကိရိယာများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ဒေသအတွင်း ထုတ်ကုန်များထုတ်လုပ်လျက်ရှိမှု၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လှိုင်ကော်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဌာနဆိုင်ရာအဆောက်အအုံများအား ဦးစားပေးအလိုက် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှု၊ သောက်သုံးရေလုံလောက်စွာ ရရှိရေးစီမံဆောင်ရွက်ပေးလျက်ရှိမှု၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လှိုင်ကော်လေဆိပ်ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ခရီးသည်ယာဉ်လိုင်းများနှင့် ကုန်တင်ယာဉ်များ ပြန်လည်ပြေးဆွဲလျက်ရှိမှု၊ ဆက်သွယ်ရေးတာဝါတိုင်နှင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ပေးမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သီရိမင်္ဂလာဈေးအသစ် ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လှိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှုနှင့် အားကစားနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးရှိ ပျက်စီးခဲ့သည့် ကုသရေးအထောက်အကူပြုစက်ပစ္စည်းများ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဒေသတွင်နေထိုင်သူများက ဒေသ၏အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခြင်းသည် အလွန်ဆိုးရွားသည့်လုပ်ရပ်ဖြစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မကြာမီကာလက လှိုင်ကော်ဒေသအတွင်း KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လှိုင်ကော်မြို့အပါအဝင် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် ကယားပြည်နယ်အတွင်း နေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက *စာမျက်နှာ ၈ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လွိုင်ကော်မြို့သီရိမင်္ဂလာဈေးအား အဆင့်မြင့်သီရိမင်္ဂလာဈေးအသစ်အဖြစ် တည်ဆောက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၇ မှ*

တိုက်ခိုက်သည့်လုပ်ရပ်ဖြစ်သဖြင့် ဆိုးရွားသည့်လုပ်ရပ်များပင်ဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်သည်မှာလည်း ဒေသခံများပင်ဖြစ်ကြောင်း၊ ထိုသို့အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလိုကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူ တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ယာယီအားဖြင့် ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကို အကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ် ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**❖ မကြာမီကာလက လွိုင်ကော်ဒေသအတွင်း KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့အပါအဝင် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရ၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကယားပြည်နယ်အတွင်းနေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက တိုက်ခိုက်သည့်လုပ်ရပ်ဖြစ်သဖြင့် ဆိုးရွားသည့်လုပ်ရပ်များပင်ဖြစ်**

**❖ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်သည်မှာလည်း ဒေသခံများပင်ဖြစ်၊ ထိုသို့အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းပင်ဖြစ်**

## ကျန်းမာရေးနှင့် ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်

ဒေသအလိုက် ပညာရေးကဏ္ဍကောင်းမွန်ပါက ဒေသဖွံ့ဖြိုးမှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍတွင် အားနည်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့်အတိုင်း အတန်းပညာများသင်ယူချိန်တွင် သင်ကြားပြသပေးသည့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများသည် ကလေးငယ်များ၏ ဘဝတစ်လျှောက်လုံးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ပညာတတ်များ ပေါ်ကြွယ်ဝလာမည်ဆိုပါက ၎င်းတို့ဘဝအတွက် အထောက်အကူပြုစေမည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကယားပြည်နယ်အတွင်း ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် အားလုံးက ဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ လွိုင်ကော်မြို့ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများ ပြန်လည်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားနိုင်ရေးဆောင်ရွက်ပြီး အခြားမြို့များတွင် သွားရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ မိမိတို့နေထိုင်သည့်ဒေသ၌ပြန်လည်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနေအရွယ်ကို ကျော်လွန်သွားသည့် လူငယ်များအတွက်လည်း ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် စာကြည့်တိုက်များတွင် စာဖတ်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ဗဟုသုတများတိုးပွားလာမည်ဖြစ်ကြောင်း။

ကျန်းမာရေးမြှင့်တင်မှုနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် ပြည်သူ့ဆေးကုသမှု မြှင့်တင်ရေးလုပ်ငန်းများကို လွိုင်ကော်ဒေသတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင်လည်း မိမိကိုယ်တိုင်လာရောက်၍ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ယခုအခါတွင်လည်း နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံဖြစ်ရန်လိုကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် သောက်စားမှုများ၊ စားသောက်မှုများမဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ပြီး ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအသိဖြင့် အကျိုးရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတူတကွဝိုင်းဝန်းဆောင်ရွက်

လွိုင်ကော်ဒေသအတွင်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဦးစားပေး၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တည်ဆောက်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသကို မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ကိုယ်စီ ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပြည်နယ်ယဉ်ကျေးမှုပြတိုက်ရှိပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများ ဆောင်ရွက်သွားသည်ဟုသိရကြောင်း၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို သင်ခန်းစာယူ၍ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အစိုးရတစ်ခုတည်းသာမက ဒေသခံပြည်သူလူထုမှလည်း အတူတကွ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ဒေသအတွင်း ပြန်လည်ဝင်ရောက်နေထိုင်၍ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုကို မိမိအနေဖြင့် ဂုဏ်ယူအသိအမှတ်ပြုချီးကျူးပါကြောင်း။

မိမိတို့အနေဖြင့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း၌လည်း သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီ ကြိုတင်ပြင်ဆင်သည့်ကာလအတွင်း ကိုယ်စားလှယ်လောင်းများအနေဖြင့် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုများရရှိအောင် ဆောင်ရွက်ကြရသည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ *စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေအိမ်အဆောက်အဦများ၊ လမ်းတံတားများကို ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးထားမှုများ၊ ပြည်သူများအနေဖြင့် အေးချမ်းစွာဖြင့် ပုံမှန်သွားလာလုပ်ကိုင်နေထိုင်လျက်ရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအား အဆင့်မြင့်သီရိမင်္ဂလာဈေးအသစ်အဖြစ် တည်ဆောက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတစ်ဦးက ဈေးအသစ် ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်၏မြို့တော်ရှိ ဈေးဖြစ်သဖြင့် တည်ဆောက်ရာတွင် အဆင့်မီသည့် ဈေးကြီးတစ်ခုအဖြစ် တည်ဆောက်နိုင်ရေး စနစ်တကျ ဒီဇိုင်းရေးဆွဲတည်ဆောက်သွားရန်လိုကြောင်း၊ ဆိုင်ခန်းများ၊ ကားရပ်နားရန်နေရာများ စနစ်တကျတည်ဆောက်ရန်နှင့် ရေပေးဝေမှုစနစ်များ၊ အမှိုက်စွန့်ပစ်မှုစနစ်များ စနစ်တကျရှိစေရေး ကြိုတင်တွက်ချက်ဆောင်ရွက်သွားရန်နှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင် ဆုတောင်းပြည့်မြို့နာမ်ရွှေစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးရှိခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ကုလသမဂ္ဂဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး



**နေပြည်တော် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားကစားရုံ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၅/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၅/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ဂုဏ်ပြုကြိုဆိုကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၄**

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 21st ASEAN Chiefs Of Defence Forces Meeting (ACDFM-21) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တက်ရောက်ရန် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြသည်။

အဆိုပါ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် ရောက်ရှိကြရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်မောင်စိုးနှင့် တာဝန်ရှိသူများက Wattay အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

ယင်းနောက် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို





ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးသည် ဗီယင်ကျန်းမြို့ Latsavong Wanda Vista Hotel ၌ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တည်ခင်းဧည့်ခံသည့် (၂၁) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး အထိမ်းအမှတ် ကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့်အတူ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွင်းအမှတ်(၃)တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှအားကစားသမားများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်မိဘပြည်သူများ လာရောက်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



✳ *ကျောဖုံးမှ*

အမျိုးသမီး ကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းသည် အိမ်ရှင် ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၈၆၀-၇၀၀ မှတ်ဖြင့် အရေးနိမ့်ကာ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအသင်းက ပူးတွဲကြေးတံဆိပ်ဆုရရှိသည်။ အမျိုးသား + အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု (ခ) ၌ ထိုင်း၊ ဂျပန်၊ ကမ္ဘောဒီးယား တို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ မြန်မာအသင်းသည် ဂျပန်နှင့် ကမ္ဘောဒီးယားအသင်းများကို နှစ်ပွဲပြတ်စီဖြင့် အနိုင်ရရှိကာ ထိုင်းအသင်းကို နှစ်ပွဲပြတ် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် လာအိုအသင်းနှင့် တွေ့ဆုံခဲ့ပြီး အရေးနိမ့်ခဲ့သဖြင့် မလေးရှားအသင်းနှင့်အတူ ပူးတွဲကြေးတံဆိပ်ရရှိခဲ့ခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာရှဒေသတွင်းနိုင်ငံများအပြင် အခြားတိုက်များမှ နိုင်ငံများလည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ - MSTAF**

---

# ပြင်ဦးလွင်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်

**ပြင်ဦးလွင် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရောဝတီခန်းမဆောင်၌ ကျင်းပသည် ။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သောကြောင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ကာအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို မိမိတို့၏ အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှု အရည်အသွေး၊ စိတ်စေတနာကောင်းများနှင့်ပေါင်းစပ်ပြီး သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သန်းခေါင်စာရင်းဆိုင်ရာ TV Spot ပြသပြီး ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးကျော်လွင်ဦးက သင်တန်းသားတစ်ဦးအား သင်တန်း အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ခရိုင်အဆင့်နည်းပြသင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၈ ဦးကို သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



---

▼ *ကျောဖုံးမှ*

ပြည့်စုံအသင်းက Power HBI အသင်းကို သုံးဂိုး - နှစ်ဂိုး၊ TG United အသင်းက YCDC Marga အသင်းကို တစ်ဂိုး - ဂိုးမရှိ၊ Winner Soccer အသင်းက M-Million အသင်းကို သုံးဂိုး - ဂိုးမရှိ၊ MH Dream Team အသင်းက UPK အသင်းကို ခြောက်ဂိုး - ဂိုးမရှိ၊ လက်ရှိချန်ပီယံ VUC အသင်းက Generations အသင်းကို ငါးဂိုး-တစ်ဂိုး၊ Futsal-19 အသင်းက M2K အသင်းကို သုံးဂိုး - ဂိုးမရှိ၊ Seven အသင်းက 7 Brother အသင်းကို သုံးဂိုး - နှစ်ဂိုး၊ MIU အသင်းက YRG အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ရဲရင့်လွင်**

---

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# အိုင်တီနည်းပညာအသုံးပြုမှုများ တွင်ကျယ်လာသည်နှင့်အမျှ ဆိုက်ဘာလုံခြုံရေးကဏ္ဍသည် အလွန်အရေးပါလာသဖြင့် အထူးဂရုစိုက်ရန်လိုအပ်



**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၉/၂၀၂၄) ကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဩဂုတ် ၂ ရက်က ပြုလုပ်ခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်သီရိဝင်းက ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားခဲ့သည့် လုပ်ငန်းလမ်းညွှန်မှာကြားချက်များကို ချပြရှင်းလင်းခဲ့ပြီး Mpox (မျောက်ကျောက်ရောဂါ) ကူးစက်ဖြစ်ပွားမှု မရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်၍ လေဆိပ်များတွင် အလေးထားစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများကို ဆောင်ရွက်သွားရန်၊ သံသယလူနာတွေ့ရှိပါက လူနာထားရှိမည့်ဆေးရုံအား စနစ်တကျဆောင်ရွက်ထားရှိရန်၊ အများပြည်သူများ သိရှိရေး အသိပညာပေးလုပ်ငန်းများကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ ဆောင်ရွက်ရန်၊ မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်။

အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်၍ နယ်မြေတည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်၊ အိုင်တီနည်းပညာအသုံးပြုမှုများ တွင်ကျယ်လာသည်နှင့်အမျှ ဆိုက်ဘာလုံခြုံရေးကဏ္ဍသည် အလွန်အရေးပါလာသဖြင့် အထူးဂရုစိုက်ရန်၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နိုင်ငံ၏ အခြေခံအုတ်မြစ်လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော လူငယ်များကို ပျက်စီးအောင်ဖျက်ဆီးပြီး နိုင်ငံ့စွမ်းအားကျဆင်းအောင် လုပ်နိုင်သဖြင့် သေသေချာချာကြပ်မတ်ကိုင်တွယ်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်အခများ အပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနများမှ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးညီညီမင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနများ၏ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မျောက်ကျောက်ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန်၊ မြို့တော်သန့်ရှင်းသာယာလှပရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စေတနာထားပြီး အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဒုတိယအကြိမ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မုံရွာ စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အ က၊ အရေး၊ အတီးပြိုင်ပွဲ (ဒုတိယအကြိမ်) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ကော်မတီအဖွဲ့ဝင်များ၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်ကတာဝန်ရှိသူများအနေဖြင့် မီးခဲပြာဖုံး ဝါသနာရှင်များ၊ အခြေခံပညာ ကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ အဆင့်မြင့် ကျောင်းများ၊ ဝန်ထမ်းများနှင့် ရပ်ကွက်ကျေးရွာနေ ပြည်သူများ အတွင်း အလားအလာရှိသည့် ရွှက်ပုန်းသီးအနုပညာရှင်၊ ဝါသနာရှင်များအား ရွေးချယ်ယှဉ်ပြိုင်သွားကြရန် လိုအပ်ပါကြောင်း၊ အကဲဖြတ်ဒိုင်များ အနေဖြင့် အရည်အချင်းရှိသည့် ပြိုင်ပွဲဝင်များရရှိရေးအတွက် ဘက်လိုက်မှုမရှိဘဲ အဂတိတရားကင်းစွာဖြင့် စိစစ် ရွေးချယ်ပေးသွားကြရန် လိုအပ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ဦးတည်ချက်များကို ထမြောက်အောင်မြင်အောင်တာဝန်ပေးအပ်ထားရှိသည့် ကော်မတီဝင်များမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်နှင့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းတို့က ပြိုင်ပွဲကျင်းပသွားမည့် လုပ်ငန်းအခြေအနေများနှင့် ကြိုတင်ပြင်ဆင်ထားရှိမှု လုပ်ငန်းအခြေအနေများ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကော်မတီအလိုက် တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိမှု လုပ်ငန်းအခြေအနေများကို အသီးသီး ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများမှ Video Conferencing စနစ်ဖြင့်လည်းကောင်း၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်များ အတွင်းမှ ဝင်ရောက်ယှဉ်ပြိုင်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအတွင်း ခရိုင်များရှိ အနုပညာရှင်ကြီးများက ပြိုင်ပွဲများတွင် ဘာသာရပ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်သွားမည့် အခြေအနေများ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တာဝန်ရှိသူများက တိုင်းဒေသကြီးအဆင့် ကျင်းပရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကြံပြုတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရန်ကုန် – ဒလ ကားကူးဇက်ကို ပိတ်ရက်မရှိ နေ့စဉ်ပြေးဆွဲလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ကုန်စည်များ အချိန်မီတင်ပို့နိုင်စေရန်နှင့် ပြည်သူများ ကိုယ်ပိုင်ယာဉ်များဖြင့် ခရီးသွားလာရာမှာ နှောင့်နှေးကြန့်ကြာမှုနည်းပါးစေရန် ရန်ကုန်–ဒလ ကားကူးဇက်ကို ပိတ်ရက်မရှိ နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**တစ်ရက် ၁၂ ခေါက် ပြေးဆွဲ**

“ဒီကားကူးဇက်ကတော့ တစ်ရက်ကို ၁၂ ခေါက်၊ ရန်ကုန်ကနေ ဒလကို ၁၂ ခေါက်၊ မနက် ၇ နာရီကနေ ည ၇ နာရီအထိ ဆွဲပေးနေပါတယ်၊ အချိန်ကတစ်စီးနဲ့တစ်စီးကြား တစ်နာရီအချိန်ခြားပါတယ်၊ ကားအပြည့်ဆိုရင် ၃၀ လောက် တင်လို့ရတယ်၊ ဆိပ်ကမ်းအာဏာပိုင်ဆိုတော့ ဖြတ်သန်းခပဲကောက်ပါတယ်၊ ကားအမျိုးအစားကွာတယ်၊ ၄၀၊ ၈၀၊ ၁၂၀၊ ၂၄၀၊ ၃၂၀ ကားအမျိုးအစားနဲ့ကောက်တာကွာသွားတယ်၊ တံတားဖြတ်သန်းခကိုပဲ ကောက်ပါတယ်၊ အဓိက ရန်ကုန်နဲ့ ဒလ၊ ဒလနဲ့ရန်ကုန် ပို့ဆောင်တာကျတော့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးက ကောက်ခံပါတယ်၊ အဓိကကတော့ ဒီကိုရောက်လာတဲ့ကားတွေ အကုန်ပါသွားအောင်၊ ပြည်တွင်းရေကြောင်းနဲ့ ညှိနှိုင်းပြီးတော့ ပုံမှန်မနက် ၇ နာရီကနေ ည ၇ နာရီအထိကို ကိုယ့်ဆီက တာဝန်ကျဝန်ထမ်းတွေက ကူညီဆောင်ရွက်ပေးနေတာပါ၊ RoRo ရေယာဉ်ကငါးစီးရှိတယ်။ တစ်ရက်ကိုနှစ်စီးနှုန်းနဲ့ဆွဲပေးတာ၊ ပိတ်ရက်မရှိအဆိုင်းလိုက် တာဝန်ထမ်းဆောင်တယ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက RoRo တွေ ပြေးဆွဲပေးနေတယ်၊ ရှိတဲ့ဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်” ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နယ်မြေ မန်နေဂျာဦးအောင်ကျော်ဦးက ပြောသည်။

**တိုးမြှင့်ကောက်ခံမည့် နှုန်းထားများ**

ထို့ပြင် စက်တင်ဘာ ၁ ရက်ကစတင်ပြီး တိုးမြှင့်ကောက်ခံမည့် ယာဉ်/ကုန်အမျိုးအစားများတွင် ခရီးသည်တစ်ဦးလက်မှတ်ခနှုန်းထားကျပ် ၃၀၀၊ (၁)တန် အောက်ယာဉ်များကျပ် ၄၅၀၀၊ (၁) တန်မှ (၂) တန်အောက်ယာဉ်များ ကျပ် ၅၅၀၀၊ (၂) တန်၊ (၃) တန်အောက်ယာဉ်များ ကျပ် ၇၀၀၀၊ (၃) တန်၊ (၅) တန်အောက်ယာဉ်များ ကျပ် ၈၅၀၀၊ (၅) တန် အထက်ယာဉ်များ ကျပ် ၁၀၀၀၀၊ စက်ဘီးကျပ် ၁၅၀၊ လှေပ်စစ်စက်ဘီး ၂၀၀၊ ဆိုက်ကား ကျပ် ၃၀၀၊ မော်တော်ဆိုင်ကယ် ကျပ် ၁၀၀၀၊ (၁) တန် ကုန်ကျပ် ၂၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ကုန်စည်များအချိန်မီတင်ပို့နိုင်ရန်နှင့် ပြည်သူများ ကိုယ်ပိုင်ယာဉ်များဖြင့် ခရီးသွားလာရာတွင် နှောင့်နှေးကြန့်ကြာမှုနည်းပါးစေရန်ရည်ရွယ်ပြီး ကားကူးဇက်ကိုပိတ်ရက်မရှိ နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



**အာကာလင်း**

# မြို့သစ်မြို့နယ်၌ မိုးမြေပဲများ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်





မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်းရှိ လင်းလည်၊ အောင်ချမ်းသာ၊ နင်းကြမ်း၊ သဖန်းကုန်းစသည့် ကျေးရွာများတွင် နှမ်း၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံများကို အဓိက စိုက်ပျိုးလျက်ရှိပြီး လင်းလည်ကျေးရွာတွင် မိုးမြေပဲ ဧက ၃၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

မိုးမြေပဲကို မေလတွင် စတင်စိုက်ပျိုးကြပြီး ဩဂုတ်လကုန်တွင် လှိုင်လှိုင် ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ဗီယက်နမ် (မြေပဲဆန်ဖြူ)၊ စွန်တာနီ (မြေပဲဆန်နီ) မျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် တစ်ဧကလျှင် ငွေကျပ် ၉၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ၆၅ တင်းခန့်ထွက်ရှိ၍ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ ပထမပတ်တွင် မြေပဲတောင့် တစ်တင်းလျှင် ငွေကျပ် ၂၅၀၀၀–၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မိုးမြေပဲများကို မကွေးမြို့နှင့် တောင်တွင်းကြီးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့သို့လည်းကောင်း၊ ဒေသတွင်းရှိ ဆီစက်လုပ်ငန်းရှင်များနှင့်မြေပဲကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ပြုလုပ်၍ ပြန်လည်ရောင်းချသည့် လုပ်ငန်းရှင်များမှလည်းကောင်းဝယ်ယူကြကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသော်လည်း အထွက်နှုန်းကောင်းမွန်၍ ယခင်နှစ်ထက် ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

**DOCA (မကွေး)**

# ကျောက်ဆည်၌ ဘူးသီးအထွက်ကောင်း တောင်သူများ အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ စားဖိုဆောင်သီးနှံများဖြစ်သော ကြက်သွန်နှင့် ငရုတ်သီးနှံများအပြင် ဘူးသီးကိုလည်း စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာနှင့် ကျောက်ခုံကျေးရွာတို့၌ ပန်းလောင်မြစ်နံဘေးတွင် ဘူးသီးသီးနှံကို စိုက်ပျိုးကြသည်။

### အကျိုးအမြတ်များရရှိ

ဘူးသီးစိုက်ပျိုးရာတွင် မြေဆွေးနှင့် မြေဩဇာများကို သမအောင်ရောမွှေပြီး စိုက်ပေါင်ပြုလုပ်၍ စိုက်ပျိုးရကြောင်း၊ မျိုးအနေဖြင့် ဘူးသပိတ်၊ ဘူးလည်လှနှင့် ဘူးရှည်မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး ဘူးပင်မှာ တစ်နှစ်ပတ်လုံး စိုက်ပျိုး၍ရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ တိုင်ထောင်ဝါး၊ လုပ်သားခများအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂ သိန်းခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်လခွဲ သုံးလခန့်အကြာတွင် အသီးများစတင်ခူးဆွတ်ရ၍ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ဘူးသီးအလုံးရေ ၇၀၀၀–၈၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် အလုံးအရွယ်အစားအပေါ် မူတည်၍ လက်ကားဈေး တစ်လုံးလျှင် ငွေကျပ် ၅၀၀–၈၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေး တစ်လုံးလျှင် ငွေကျပ် ၁၀၀၀–၁၅၀၀ ဖြင့်လည်းကောင်း ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဘူးသီးများကို ကုန်စိမ်းပွဲစားများမှ စိုက်ခင်းများအထိ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ရန်ကုန်၊ မော်လမြိုင်နှင့် ညောင်တုန်းမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ဘူးသီးပင်စိုက်ပျိုးခြင်းသည် ဘူးသီးများသာမက ဘူးညွန့် (ဘူးရွက်) တစ်ညွန့်လျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိကြောင်း၊ ယခုနှစ်တွင် ဘူးသီးဈေးနှုန်း ကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

**DOCA (မန္တလေး)**

# အထက်မင်းလှမြို့နယ်၌ မိုးစပါးများ စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်အတွင်းရှိ ပန်းတော်ပြင်၊ ဥယျာဉ်၊ ရွာတော်၊ သံပုရာကန်၊ လက်ပံတံခါး စသည့်ကျေးရွာများ၌ မိုးစပါးများကိုစိုက်ပျိုးလျက်ရှိရာ ရောပဒေသာစပါးမျိုးကို အဓိကထား စိုက်ပျိုးကြပြီး ဆာပိုးသာ၊ မနောသုခ၊ ရောမင်း၊ ရတနာတိုး၊ ဆင်းသုခ စသည့်စပါးမျိုးများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

မိုးစပါးများကို ဩဂုတ်လ ပထမပတ်မှ စတင်စိုက်ပျိုးကြ၍ စိုက်ပျိုးပြီး ရက်ပေါင်း ၁၅၀ အကြာတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် တိုက်ရိုက်အစေ့ချစနစ် (Seeder) နှင့် ပျိုးထောင်ပင်စိုက်စနစ်ဟူ၍ နည်းလမ်းနှစ်မျိုးဖြင့် စိုက်ပျိုးကြပြီး ပျိုးထောင်ပင်စိုက်စနစ်ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် တစ်တင်းခွဲခန့်ကုန်ကျပြီး တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးပါက တစ်တင်းခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်အားခအပါအဝင် တစ်ဧကလျှင် ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈၀–၈၅ တင်း ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ရောင်းချရကြောင်း၊ အကျိုးအမြတ်အနေဖြင့် ဒေသတွင်း၌ စပါးဈေးနှုန်း ကောင်းမွန်သောကြောင့် တစ်ဧကလျှင် ငွေကျပ် ၁၄ သိန်းခန့် ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့နယ်အတွင်းရှိ ဒေသခံစပါးပွဲစားများမှ ဝယ်ယူကြကြောင်း၊ ယခုနှစ်တွင်လည်း အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း စပါးစိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။

**DOCA (မကွေး)**

# တောင်တွင်းကြီးမြို့နယ်၌ ငရုတ်စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေကောင်း

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ပျားတု(ရွာမ)၊ ပျားတု (ရှေ့)၊ ပျားတု(နောက်) စသည့်ကျေးရွာများ၌ လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်လျက်ရှိရာ ကြက်သွန်နီ၊ နှမ်း၊ စပါးနှင့် ပဲမျိုးစုံသီးနှံများကို အဓိကစိုက်ပျိုးကြပြီး စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးနှံကို စိုက်ဧက ၁၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ငရုတ်သီးနှံကို မေလတွင်ပျိုးထောင်၍ ဇွန်လတွင်မြေချစိုက်ပျိုးကြပြီး စက်တင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သာမို–၉၀၀ ငရုတ်မျိုးနှင့် သာမို–၉၉၉ ငရုတ်မျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ငရုတ်မျိုးစေ့များကို ပျိုးအိတ်ဖြင့် ပျိုးထောင်ကာ ပျိုးပင်တစ်လသားခန့်အရွယ်တွင် မြေချ၍မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၇၀၀၀၀၀ ခန့်ကုန်ကျပြီး ပိဿာ ၈၀၀–၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ စက်တင်ဘာလ ပထမပတ်ဈေးနှုန်းအနေဖြင့် ငရုတ်သီးစိမ်း လက်ကားဈေးတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀–၄၅၀၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၅၀၀၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့၊ မြို့သစ်မြို့နှင့် မကွေးမြို့တို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးနှံအထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

**DOCA (မကွေး)**

## ၄.၉.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၅၀၀၀ | – | ၁၇၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၁၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၂၅၀၀၀ | ၂၆၀၀၀ | ၃၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၂၀၀ | ၂၀၀၀၀ | – | ၁၆၀၀၀ | ၃၅၀၀ | ၁၄၅၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၇၄၁၅ | ၁၈၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၇၁၅၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၁၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၇၂၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၂၀၀ | ၁၄၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၇၄၀၀ | ၁၂၅၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၂၁၀၀၀ | ၁၁၇၀၀ | ၈၅၀၀ | ၈၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၈၀၀၀ | ၆၈၀၀ | ၆၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၁၀၀၀ | ၆၉၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၂၅၀ | ၆၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၆၀၀၀ | – | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၂၀၀ | ၆၁၀၀ | ၁၇၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၇၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၃၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၇၅၁၅ | ၁၁၀၀၀ | ၂၅၀၀ | ၁၅၅၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၉၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၁၀၅၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၈၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၂၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၈၆၀၀ | ၇၃၅၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၈၀၀ | ၁၈၅၀၀ | ၈၀၀၀ | ၅၂၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၃၂၀၀ | ၁၉၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၃၅၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၄၀၀ | ၁၉၀၀၀ | ၈၅၀၀ | ၅၆၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၄၀၀ | ၅၄၀၀ | ၁၃၆၀၀ | ၂၀၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၇၀၀၀ | ၁၄၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၁၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၆၀၀၀ |

# ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည့်အဆင့်နှင့် ဘာသာရပ်များ

၁။ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အောက်ဖော်ပြပါအဆင့်များဖြင့် ယှဉ်ပြိုင်ရန် သတ်မှတ်ထားပါသည် –

(က) ဝါသနာရှင်(ပထမတန်း)အဆင့်
(ခ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(ဂ) အဆင့်မြင့်ပညာအဆင့်
(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်
(င) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

၂။ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အောက်ဖော်ပြပါဘာသာရပ်များဖြင့် ယှဉ်ပြိုင်ရန်သတ်မှတ်ထားပါသည် –

(က) **အဆိုပြိုင်ပွဲ**
(၁) မဟာဂီတ(အဆင့်အားလုံး)၊
(၂) ခေတ်ဟောင်းတေး/ကာလပေါ်(အဆင့်အားလုံး)၊
(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ{ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်}။

(ခ) **အကပြိုင်ပွဲ**
(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)၊
(၂) မြန်မာအကအခြေခံကဗျာလွတ်အက(ပထမအဆင့်)(အမျိုးသမီး) ၁၆ ဦး၊ ယိမ်းအကပြိုင်ပွဲ(အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်)
(၃) တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအကပြိုင်ပွဲ(တစ်ဖွဲ့လျှင် ၁၆ ဦး၊ ကြာမြင့်ချိန် အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန်)၊
(၄) ချင်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲ(၁၆ – ဦး)၊ (အမျိုးသား ၈ ဦး၊ အမျိုးသမီး ၈ ဦး)
(၅) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် မဟာဇနကဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ပြောနှင့် အခြားပညာရှင် ၃၀ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၇ ဦး ယှဉ်ပြိုင်ရန်)၊
(၆) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် ဝေဿန္တရာဇာတ်တော်ကြီး(ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၁ နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့် ဆိုင်ပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၂၀ ဦး ယှဉ်ပြိုင်ရန်)၊
(၇) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး) (မင်းသားနှင့် ဇော်ရုပ်တို့ဖြင့်ယှဉ်ပြိုင်ရန်)၊
(၈) ကွက်စိပ်ပြိုင်ပွဲ
– ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား)၊ မဟာသုတသောမဇာတ်
– ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)၊ သမုဒ္ဒဝါဏိဇဇာတ်

(ဂ) **အရေးပြိုင်ပွဲ**
(၁) ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား/အမျိုးသမီး)
(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)
(၃) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)
(၄) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်(အမျိုးသား/ အမျိုးသမီး)

(ဃ) **အတီးပြိုင်ပွဲ**

| | | |
|---|---|---|
| (၁) စောင်း | – | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၂) စန္ဒရား | – | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၃) ပတ္တလား | – | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၄) တယော | – | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၅) မယ်ဒလင် | – | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၆) ဂီတာ | – | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၇) ဒုံမင်း | – | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၈) ဆိုင်းတစ်ဦးချင်း | – | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၉) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် | – | အဖွဲ့လိုက်(အမျိုးသား–၈ ဦး၊အမျိုးသမီး– ၈ ဦး) |
| (၁၀) နှဲ | – | တစ်ဦးချင်း(အမျိုးသား) |
| (၁၁) ပလွေ | – | တစ်ဦးချင်း(အမျိုးသား) |
| (၁၂) အိုးစည် | – | အဖွဲ့လိုက်(အမျိုးသား – ၅ ဦး) |
| (၁၃) ဒိုးပတ် | – | အဖွဲ့လိုက်(အမျိုးသား – ၆ ဦး) |

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံး ယှဉ်ပြိုင်ရန်)

(၁၄) ပြည်နယ်(၇)ခုရှိ တိုင်းရင်းသားတို့၏ ရိုးရာတူရိယာတေးဂီတပြိုင်ပွဲ။ (ပြည်နယ်တစ်ခုလျှင် ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၈ မိနစ်ထက်မပိုသော တေးဂီတတို့ဖြင့်ယှဉ်ပြိုင်ရန် )

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**"မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) စုံသာမြိုင်လယ် | (သီချင်းခံ) |
| (ခ) ခွာပြာသင်း | (ပတ်ပျိုး) |
| (ဂ) စိန်မြရံခြယ် | (မွန်) |
| (ဃ) တိမ်မှောင်မြေးကင်း | (လောကနတ်) |
| (င) ကြို့ညိုစံရာ | (ယိုးဒယား) |
| (စ) ရွှေပင်ရွှေဘုန်းပပဝင်း | (ကြိုး) |
| (ဆ) အာကာယံထဲ | (ပတ်ပျိုး) |
| (ဇ) သောင်းကျေးဒီပါဗွေ | (မွန်) |

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) ဆဒ္ဒန်အိုင်သာ | (သီချင်းခံ) |
| (ခ) စိန်ကြောင်နီလာ | (ပတ်ပျိုး) |
| (ဂ) ဖြူပြာမူယာ | (ပတ်ပျိုး) |
| (ဃ) တောတောင်စွယ် | (ယိုးဒယား) |
| (င) ကောင်းချီးသင်္ခါ | (မွန်) |

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) သီလာဝေယံ | (ပတ်ပျိုး) |
| (ခ) ပပဝင်းဝင်း | (ပတ်ပျိုး) |
| (ဂ) မန္တလာဘုံ | (ဘွဲ့) |
| (ဃ) တောင်ဇမ္ဗူပိုင် | (ယိုးဒယား) |

**၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) ဆီးနှင်းပြိုက်ကျ | (ကြိုး) |
| (ခ) ဆင့်ရရှင့်ငယ်လေ | (ပတ်ပျိုး) |
| (ဂ) ရန်တကာအောင် | (ဘွဲ့) |
| (ဃ) လေပြည်ဆော်သွင်းမြူး | (ယိုးဒယား) |

**၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) ဇမ္ဗူရောင်ကွန့် | (ဘွဲ့) |
| (ခ) ပြောင်ပြောင်ပြောင်နာဂိန် | (ကြိုး) |
| (ဂ) ပန်းတသင်းသင်း | (ပတ်ပျိုး) |
| (ဃ) မြိုင်ဟေမာ | (ယိုးဒယား) |

**"ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)**

| | |
|---|---|
| (က) မြဘယက် | (ဥသြဘသောင်) |
| (ခ) ပျူစောထီး | (ဒေါ်ကြည်အောင်) |
| (ဂ) စွဲမက်ပါတဲ့အာရုံ | (ဥသြဘသောင်) |
| (ဃ) ညီတော်မင်းနန် | (ဝင်းဦး) |
| (င) ရုပ်ကြီးသူ | (ဦးသိန်းကြွယ်) |
| (စ) ရွှေတိဂုံသမိုင်း | (ဒေါ်ကြည်အောင်) |
| (ဆ) ဘုံဓမ္မတာ | (ဥသြဘသောင်) |
| (ဇ) မင်္ဂလာတော် | (ဥသြဘသောင်) |
| (ဈ) ပန်းစုံတဲ့တော | (ခင်မောင်ရင်) |
| (ည) သရက်ပင်အိုး၏သံဝေဂ | (ကိုမင်းနောင်) |

**၂။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသမီး)**

| | |
|---|---|
| (က) တောင်သူပျို | (ဒေါ်ကြည်အောင်) |
| (ခ) မဟာတြိရတန | (ရီရီသန့်) |
| (ဂ) စာဆိုခံ "လ"လုံး | (မာမာအေး) |
| (ဃ) သုံးဆယ့်ရှစ်ဖြာမင်္ဂလာ | (ကြည်ကြည်ဌေး) |
| (င) မေတ္တာဝေသံဆန်း | (ဝင်းဦး) |
| (စ) စည်တော်ကြီး | (မာမာအေး) |
| (ဆ) သုံးရွှေ့လယ် | (ဒေါ်ကြည်အောင်) |
| (ဇ) ပြိုင်ပွဲကြီး | (ထား) |
| (ဈ) ဂီတအခြေခံ | (အဖွဲ့) |
| (ည) ဓာတ်တော်ဝေခန်း | (ဒေါ်ကြည်အောင်) |

**၃။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**

| | |
|---|---|
| (က) တပေါင်းသာခေါင် | (ကိုတင်အောင်သန်း) |
| (ခ) မာန် | (ဂီတလုလင်ဦးကိုကို) |
| (ဂ) ဂျင်မလေးဂျမ်း | (ကိုမင်းနောင်) |
| (ဃ) မဂ္ဂင်ရှစ်ပါး | (ပြည်ဘရှင်) |
| (င) ဖန်တီးသူတို့အပြုံးများ | (ဂီတလုလင်ဦးကိုကို) |
| (စ) မဟာဇနက္က | (ခင်မောင်ရင်) |

**၄။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)**

| | |
|---|---|
| (က) အာရောဂျံ | (ဒေါ်ကြည်အောင်) |
| (ခ) နွေမိုးဆောင်း | (တင်တင်မြ) |
| (ဂ) ဝနိမိတ် | (စိန်ပါတီ) |
| (ဃ) ဂီတဥ္မလီ | (သင်းသင်းမြတ်) |
| (င) ဓမ္မစကြာ | (ဒေါ်ကြည်အောင်) |
| (စ) ကထိန်သင်္ကန်း | (စိန်ပါတီ) |

**၅။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**

| | |
|---|---|
| (က) ဖြောသံ | (ဥက္ကလာမောင်) |
| (ခ) ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း | (စန္ဒရားထွန်းညွန့်) |
| (ဂ) မဟာဗန္ဓုလ | (ကိုထွန်းရွှေ) |
| (ဃ) ဂုဏ်တော်ကိုးသွယ် | (ကိုထွန်းရွှေ) |

**၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)**

| | |
|---|---|
| (က) မြညွှင်းလေပြေ | (မအေးမိ) |
| (ခ) အတုအယောင် | (ဌေးဌေးမြင့်) |
| (ဂ) ယောကျ်ားဆုပန် | (လေဘာတီမြရင်) |
| (ဃ) အစိန္တေယျ | (ဌေးဌေးမြင့်) |

*(ဆက်လက်ဖော်ပြပါမည်)*




## ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄)ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ဆော်ဒီအာရေဗျနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



**ရန်ကုန် စက်တင်ဘာ ၄**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် ကြုံတွေ့ရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြန်လည်ရောက်ရှိ**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့နှင့် Howtat Bani Tamin မြို့တို့တွင် အိမ်အကူလုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မစံပယ်ဖြူနှင့် မနီနီဝင်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ရီရတ်ဒ်မြို့ရှိ မြန်မာသံရုံးသည် လူဝင်မှုကြီးကြပ်ရေးဌာန၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ၎င်းတို့နှစ်ဦးသည် ဆော်ဒီအာရေဗျနိုင်ငံမှ ထွက်ခွာခွင့်(Exit Permit) ရရှိခဲ့၍ စက်တင်ဘာ ၃ ရက်တွင် ရီရတ်ဒ်–နယူးဒေလီ–ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့သည်။

**ကူညီဆောင်ရွက်**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ (သတင်းစဉ်)**

# မလေးရှားနိုင်ငံသို့ သိုးနှင့်ဆိတ်အရှင်များ တင်ပို့သွားမည်ဖြစ်ရာ မွေးမြူရေးတောင်သူများအတွက် ဈေးကွက်အလားအလာကောင်းပေါ်ထွန်းလာ

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံမှ သိုးနှင့်ဆိတ်အရှင်များကို မလေးရှားနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ သီလဝါဆိပ်ကမ်းရှိ တိရစ္ဆာန်ရောဂါထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station–AQS) ပြင်ဆင်ရေး၊ မလေးရှားနိုင်ငံ Department of Veterinary Services မှ ပညာရှင်များ ဖိတ်ခေါ်၍ AQS စခန်းအတည်ပြုနိုင်ရေးနှင့် ရောဂါစူးစမ်း ရှာဖွေထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းအတွက် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးလိုအပ်ချက်အစီအမံများကို နှစ်နိုင်ငံညှိနှိုင်းအတည်ပြုချက်ရယူခြင်း၊ မြန်မာနိုင်ငံမှထုတ်ပေးမည့် တိရစ္ဆာန်ကျန်းမာကြောင်းလက်မှတ်မူကြမ်း (Veterinary Health certificate model) ပေးပို့၍ မလေးရှားနိုင်ငံနှင့် အတည်ပြုချက်ရယူခြင်းများကို ၂၀၂၄ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့ရာ နှစ်နိုင်ငံသဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။



တင်ပို့မည့်သူများအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ အစိုးရဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အချက်အလက်ပြည့်စုံသည့် ကုန်အမှာစာ (Performance Invoice) လက်ခံရရှိရေး ဆောင်ရွက်ရန်လိုအပ်ပြီး သိုး၊ ဆိတ်တင်သွင်းမည့်သူမှ လျှောက်ထားလာသည့် နေရာအပေါ်မူတည်၍ တိရစ္ဆာန်စုဆောင်းရပ်ကို စိစစ်သတ်မှတ်သွားမည်ဖြစ်ပြီး ကျန်းမာရေးလိုအပ်ချက်အစီအမံများနှင့်အညီ ရောဂါရှစ်မျိုးစစ်ဆေးခြင်း၊ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိရစ္ဆာန်အမှတ်အသား (ID Ear–tag) တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောကြားသည်။

သီလဝါ AQS စခန်းတွင် စောင့်ကြည့်ကာလ ၂၁ ရက် ထားရှိရမည်ဖြစ်ပြီး ခွာနာလျှာနာရောဂါကာကွယ်ဆေး Trivalent နှစ်ကြိမ်ထိုးနှံခြင်း၊ သားလျှောရောဂါကာကွယ်ဆေး RB 51 ထိုးနှံပေးခြင်း၊ သန်ချခြင်းနှင့် ပြင်ပကပ်ပါးပိုးမွှားများ နှိမ်နင်းခြင်း၊ Beta agonist စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကာ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပြီး တိရစ္ဆာန်ကျန်းမာကြောင်း လက်မှတ်ရရှိပြီးပါက မလေးရှားနိုင်ငံက သတ်မှတ်ခွင့်ပြုထားသည့် လမ်းကြောင်းမှတစ်ဆင့် တင်ပို့နိုင်မည်ဖြစ်သည်။

လက်ရှိတွင် မလေးရှားနိုင်ငံသို့ သိုးနှင့်ဆိတ်အရှင်တင်ပို့နိုင်ရန် သတ်မှတ်လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်သည့် Mansa Iron & Steel Fabrication & Manufacturing Co., Ltd က ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ရှိ ယာယီစုဆောင်းရပ်၌ စုဆောင်းထားရှိပြီးဖြစ်သော ဆိတ်အရှင်အကောင် ၁၅၀၀ ကို ပထမအသုတ်အနေဖြင့် တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း ဆိတ်အရှင်အကောင် ၃၀၀၀၀ တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ်များတွင် တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်တွင်းမွေးမြူရေးတောင်သူများအနေဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်းကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ပါက ဈေးကွက်အလားအလာကောင်းများ ရှိနေကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်

**ရမည်းသင်း စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်အဆင့် နည်းပြသင်တန်းသို့ တက်ရောက်ကြမည့် စာရင်းစစ်သင်တန်းသား၊ သင်တန်းသူများအား စာရင်းကောက်ယူမည့် အထောက်အကူပြုပစ္စည်းများကို ခရိုင်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ (ယာပုံ) နှင့် အတွင်းရေးမှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးမှူး ဦးစိုးမြင့်တို့က ပေးအပ်သည်။



ခရိုင်အဆင့်နည်းပြသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြကာ သင်တန်းကာလမှာ စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့

**ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပေါ်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများတွင် လေထုညစ်ညမ်းမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ လေထုညစ်ညမ်းမှုသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေရုံသာမက လူသားတို့၏ ကျန်းမာရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ထိခိုက်စေလျက်ရှိပါသည်။**

**ဒေါက်တာတင်အောင်ဝင်း**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အဓိက အကြောင်းရင်းများမှာ မော်တော်ယာဉ်အပါအဝင် ယာဉ်အမျိုးမျိုးမှ ထုတ်လွှတ်သည့် အခိုးအငွေ့များ၊ စက်ရုံများမှ ထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များ၊ နေအိမ်များမှ ထွက်ရှိလာသော အခိုးအငွေ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိလာသော အမှုန်အမွှားများ၊ မီးတောင်ပေါက်ကွဲမှု၊ မုန်တိုင်းဖြစ်ပေါ်မှုနှင့် တောမီးလောင်ကျွမ်းမှုတို့ကြောင့် ဖြစ်ပေါ်လာသော အမှုန်အမွှားများ၊ အခိုးအငွေ့များနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများနှင့် လုပ်ငန်းကဏ္ဍအသီးသီးမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို လေဟာပြင်တွင် မီးရှို့ခြင်းမှ ဖြစ်ပေါ်လာသော အမှုန်အမွှားများနှင့် အခိုးအငွေ့များကြောင့် ဖြစ်ပါသည်။


### တောမီးလောင်ကျွမ်းခြင်းသည် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများ၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ မော်တော်ယာဉ်အသုံးပြုမှုများပြားလာခြင်း၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာခြင်း၊ ရပ်ကွက်ငြင်းလောင်စာအသုံးပြုမှု များပြားလာခြင်းတို့နှင့်အတူ ရာသီဥတုပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာသည့် တောမီးလောင်ကျွမ်းခြင်းများသည်လည်း လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေလျက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ–

- လေထုညစ်ညမ်းမှုသည် ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ ကျန်းမာရေးအပေါ် အန္တရာယ်ပြုလျက်ရှိသော ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ အကြီးမားဆုံးခြိမ်းခြောက်မှုတစ်ခု ဖြစ်လာပါကြောင်း။
- လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသော ညစ်ညမ်းပစ္စည်းများသည် ရာသီဥတုအပေါ် သက်ရောက်မှုရှိနေခြင်းနှင့် လေထုညစ်ညမ်းမှုမှတစ်ဆင့် ကမ္ဘာ့လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့များ ပိုမိုရောက်ရှိလာသည့်အတွက် ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်လာခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ဆက်စပ်လျက်ရှိကြောင်း၊
- လေထုညစ်ညမ်းမှုကြောင့် လူဦးရေ ခုနစ်သန်းခန့်သည် အရွယ်မတိုင်မီ နှစ်စဉ်သေဆုံးနေရကြောင်း၊
- ကမ္ဘာတစ်ဝန်းတွင် သေဆုံးသည့် လူ ကိုးဦးတွင် တစ်ဦးသည် လေထုညစ်ညမ်းမှုကြောင့် သေဆုံးလျက်ရှိနေကြောင်း၊
- ၂၀၁၉ ခုနှစ်တွင် ပြင်ပလေထုညစ်ညမ်းမှုကြောင့် ကမ္ဘာ့လူဦးရေ လေးသန်းခန့် သေဆုံးခဲ့ရပြီး ၂၀၁၉ ခုနှစ်အတွင်း သေဆုံးခဲ့သည့် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် ပြင်ပလေထုအတွင်းရှိ ညစ်ညမ်းနေသည့် အမှုန်အမွှားများကြောင့်ဖြစ်ကြောင်းနှင့် အရှေ့အာရှနှင့် ဥရောပအလယ်ပိုင်းဒေသများတွင် သေဆုံးမှုအများဆုံး ဖြစ်ပေါ်ခဲ့ရကြောင်း၊
- ၂၀၂၁ ခုနှစ်တွင် လေ့လာတွေ့ရှိချက်များအရ နှလုံးရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါ၊ အဆုတ်ကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားပြီး အရွယ်မတိုင်မီ နှစ်စဉ်သေဆုံးသူ ကမ္ဘာ့လူဦးရေ ၈ ဒသမ ၁ သန်းခန့်၏ သေဆုံးရခြင်းနှင့်ဆက်စပ်သည့် အဓိကဆိုးကျိုးများတွင် လေထုညစ်ညမ်းမှုသည် ဒုတိယမြောက်ဆိုးကျိုးတစ်ခုအဖြစ် လေ့လာတွေ့ရှိရကြောင်း၊
- ၂၀၂၁ ခုနှစ်တွင် လေ့လာတွေ့ရှိချက်များအရ အသက် ငါးနှစ်အောက် ကလေးများ သေဆုံးသူဦးရေ ခုနစ်သိန်းကျော်သည် အိမ်တွင်းလေထုညစ်ညမ်းမှု၊ ပြင်ပလေထုညစ်ညမ်းမှုတို့နှင့် ဆက်စပ်လျက်ရှိကြောင်း၊
- လေထုအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများနှင့်အတူ လေထုညစ်ညမ်းမှုကို အလျင်အမြန် ဖြေရှင်းဆောင်ရွက်မှုများအတွက် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း။

အဆိုပါလေ့လာတွေ့ရှိချက်များအရ လေထုညစ်ညမ်းမှုကြောင့် ထိခိုက်မှုများ နှစ်စဉ်တိုးမြင့်လာသည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာပေါ်ရှိ လူသားတို့၏ ကျန်းမာရေးအပေါ် ထိခိုက်နေမှုများကို ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် Air Quality Guidelines Global Update 2005 အား ပြင်ဆင်ပြီး WHO Global Air Quality Guidelines 2021 ကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် လေ့လာခဲ့သော ကမ္ဘာတစ်ဝန်းရှိ လေထုအရည်အသွေးအခြေအနေများအား ပြန်လည်ဆန်းစစ်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော WHO Global Air Quality Guidelines 2021 ပါ လေထုအရည်အသွေး လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုမရှိသော လေထုအရည်အသွေးရှိသည့်နေရာများတွင် နေထိုင်နေကြရကြောင်း လေ့လာတွေ့ရှိရပါသည် –




| Pollutant | | Time | 2005 levels | New 2021 levels |
|---|---|---|---|---|
| $PM_{2.5}$ | Particulate matter <2,5 microns | Annual | 10 | 5 |
| | | 24-hour | 25 | 15 |
| $PM_{10}$ | Particulate matter <10 microns | Annual | 20 | 15 |
| | | 24-hour | 50 | 45 |
| $O_3$ | Ozone | Peak season | - | 60 |
| | | 8-hour | 100 | 100 |
| $NO_2$ | Nitrogen dioxide | Annual | 40 | 10 |
| | | 24-hour | - | 25 |
| $SO_2$ | Sulfur dioxide | 24-hour | 20 | 40 |
| CO | Carbon monoxide | 24-hour | - | 4 |

### လေ့လာတွေ့ရှိ

အဆိုပါလေ့လာတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းတွင် လေထုညစ်ညမ်းမှုကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုင်ရာ စိန်ခေါ်မှုပြဿနာများအနက်မှ လေထုညစ်ညမ်းမှုပြဿနာကို ဦးစားပေးအနေဖြင့် အလေးထားဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ကြောင်းတို့ကို လေ့လာတွေ့ရှိနိုင်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ လေထုအရည်အသွေးကောင်းမွန်နေစေရန်နှင့် လေထုညစ်ညမ်းမှုအား ဖြေရှင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် ရည်ရွယ်ပြီး စက်တင်ဘာလ ၇ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies) အဖြစ် သတ်မှတ်ရန် ၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ခဲ့ပါသည်။

### လေထုညစ်ညမ်းမှုကို ကမ္ဘာ့နိုင်ငံများပူးပေါင်းပြီး အလျင်အမြန် ဆောင်ရွက်ကြရန် လိုအပ်

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့၏ ဆောင်ပုဒ်မှာ **“သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့ (Invest in #Clean Air Now)”** ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ လေထုညစ်ညမ်းမှုကို ကမ္ဘာ့နိုင်ငံများ ပူးပေါင်းပြီး အလျင်အမြန် ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ လေထုအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများနှင့်အတူ ဖြေရှင်းဆောင်ရွက်မှုများအတွက် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် လေထုညစ်ညမ်းမှုနှင့်ပတ်သက်ပြီး ကမ္ဘာပေါ်ရှိ လူသားအားလုံး၊ နိုင်ငံအားလုံး ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည် ဖော်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါကြောင်းကို မီးမောင်းထိုးပြလိုခြင်း ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ သက်ဆိုင်ရာကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်မည်ဆိုပါက လေထုညစ်ညမ်းမှုကို ပိုမိုထိရောက်စွာ ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်–

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ** – လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်မည့် အစီအစဉ်များနှင့် ဖြေရှင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ကဏ္ဍအလိုက် လျှော့ချမည့်အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ လေထုအရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းခြင်း၊ သစ်တောနှင့် ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝအခြေပြုဖြေရှင်းနည်းများ (Nature–Based Solutions) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု၊ တောမီးလောင်ကျွမ်းမှုနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုများကို ကာကွယ်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခြင်းနှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လေထုအရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း။

**စက်မှုလုပ်ငန်းကဏ္ဍ** – လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ခြင်း၊

*စာမျက်နှာ ၁၇ သို့*

❖ **ကမ္ဘာတစ်ဝန်းတွင် လေထုညစ်ညမ်းမှုကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုင်ရာ စိန်ခေါ်မှုပြဿနာများအနက်မှ လေထုညစ်ညမ်းမှုပြဿနာကို ဦးစားပေးအနေဖြင့် အလေးထားဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိ**

❖ **လေထုညစ်ညမ်းမှုနှင့် ပတ်သက်ပြီး ကမ္ဘာပေါ်ရှိ လူသားအားလုံး၊ နိုင်ငံအားလုံး ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါကြောင်းကို မီးမောင်းထိုးပြလိုခြင်းဖြစ်**

# မြဝတီမြို့၌ ဟိုတယ်၊ မိုတယ်လုပ်ငန်းရှင်များအား မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ အသိပညာပေး

မြဝတီ စက်တင်ဘာ ၄

ကရင်ပြည်နယ် မြဝတီခရိုင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြဝတီမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ် လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအနေဖြင့် မျောက်ကျောက်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၃ ရက်က အမှတ်(၄)ရပ်ကွက် Vantage Hotel ခန်းမဆောင်၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကား ပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်ဝင်းက မျောက်ကျောက်ရောဂါနှင့် ပတ်သက်၍ လတ်တလောအခြေအနေတွင် ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ (DRC)နှင့် အာဖရိကတိုက်ရှိ နိုင်ငံများ၌ အစုလိုက် ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း၊ မျောက်ကျောက်ရောဂါ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ ရောဂါပျိုးရက်၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများ၊ မိမိကိုယ်တိုင် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ရန်နှင့် ခရီးသွားများအတွက် မျောက်ကျောက် ရောဂါဆိုင်ရာ ကျန်းမာရေး အကြံပြုချက်များကို ရှင်းလင်းပေးပြီး တက်ရောက်ကြသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူက ဖြည့်စွက်ဆွေးနွေးပေးသည်။

အဆိုပါရှင်းလင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် ဟိုတယ်၊ မိုတယ်လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး မျောက်ကျောက်ရောဂါကာကွယ်ရေးနှိုးဆော်ချက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# ကန်ကြီးထောင့်မြို့နယ်၌ တောင်သူများအား မျိုးစပါးနှင့် မြေဩဇာထောက်ပံ့ပေးအပ်

ကန်ကြီးထောင့် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မြစ်ရေမြင့်တက်မှုတို့ကြောင့် မိုးစပါးရေကြီးနစ်မြုပ် တောင်သူများအား မျိုးစပါးနှင့်မြေဩဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကွင်းယားကြီးကျေးရွာ၌ ပြုလုပ်သည်။

ထိုသို့ ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲနိုင်လွင်၊ အတွင်းရေးမှူး ရဲမှူးစိုးကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆင်းသုခမျိုးစပါးနှင့် မော်ဘီ-၃ မျိုးစပါးအားလည်းကောင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို ပေးအပ်ရာ တောင်သူများက လက်ခံယူသည်။

ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့များသည် ကွင်းယားကြီးကျေးရွာ ကွင်းအမှတ် (၁၈၆)စီ၊ ဦးပိုင်အမှတ် ၁၀(က)၊ တောင်သူ ဦးချစ်ထွေး၏ လယ်ဧက ၁ ဒသမ ၅၀ တွင် ရက် ၉၀ မျိုးစပါးအား မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချနေမှုအခြေအနေတို့ကို ကြည့်ရှုအားပေးသည်။

ကျော်ဇင်စိုး (ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များကို သန့်စင်သည့်ကိရိယာများ တပ်ဆင်နိုင်ရေး ဆောင်ရွက်ခြင်း၊ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေနိုင်သော သန့်ရှင်းသည့်စွမ်းအင်များကို အသုံးပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိပြီး လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေနိုင်သော နည်းပညာများကို အသုံးပြုခြင်းနှင့် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းများကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း။

**စွမ်းအင်ကဏ္ဍ** - လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်သော၊ ကမ္ဘာ့အပူချိန်မြင့်တက်မှုကို လျှော့ချနိုင်သော၊ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်သော လေအားစွမ်းအင်၊ ရေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်တို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သော သန့်ရှင်းသည့်စွမ်းအင်များရရှိအောင် ဆောင်ရွက်ခြင်းနှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေး ဆောင်ရွက်ခြင်း။

**သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ** - အများသုံး သယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း၊ Electric Vehicle (EV) များ အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းနှင့် လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း။

**စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းကဏ္ဍ** - စွန့်ပစ်ပစ္စည်းထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း (3R) စနစ်ဖြင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲခြင်း၊ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သော နည်းပညာများကို အသုံးပြုခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များ တိုးမြှင့်လာစေရေး ဆောင်ရွက်ခြင်း။

**မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ** - မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသော မြို့ပြလူနေမှုစနစ်များ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း။

**စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ** - လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို မြေဆွေးအဖြစ် ပြန်လည်အသုံးပြုခြင်းနှင့် စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များနှင့် နည်းပညာများကို အသုံးပြုခြင်း။

**သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ** - နိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးတွင် လက်ရှိဖြစ်ပေါ်နေသည့် လေထုအရည်အသွေးကို ဆန်းစစ်နိုင်ရေးနှင့် လေထုအရည်အသွေးဆိုင်ရာ အခြေခံအချက်အလက်များ ရရှိနိုင်ရေးအတွက် လေထုအရည်အသွေးကို စဉ်ဆက်မပြတ် စောင့်ကြည့်တိုင်းတာစစ်ဆေးပြီး လေ့လာဆန်းစစ်မှုများနှင့် သုတေသနပြုမှုများ ဆောင်ရွက်ခြင်းနှင့် လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း။

## လေထုညစ်ညမ်းမှုကို ပူးပေါင်းပါဝင် ဆောင်ရွက်မှုတစ်ရပ်ပင်ဖြစ်

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းနိုင်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် နောင်တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာသည့်အခါ ကုန်ကျမည့် ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအလိုက် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားများ သက်ရှည်ကျန်းမာပျော်ရွှင်မှု၊ ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသော လေထုအရည်အသွေးနှင့် ပတ်ဝန်းကျင်ကိုရရှိနိုင်ရေးတို့အတွက် ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းနိုင်ရေးတို့အတွက် ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်ချင်း၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းစဉ်များကို မဖြစ်မနေ ထည့်သွင်းပေါင်းစပ်ပြီး အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်လှပါသည်။

**နည်းပညာနှင့် အတွေ့အကြုံများအပေါ် အခြေခံ**

ထို့ပြင် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော နည်းပညာနှင့် အတွေ့အကြုံများအပေါ် အခြေခံပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ရေရှည်တည်တံ့ရေး၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် လေထုညစ်ညမ်းမှုကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဟန်ချက်ညီသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ လူသားတိုင်း သက်ရှည်ကျန်းမာပျော်ရွှင်စွာ ရှင်သန်နိုင်ရေး၊ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန်သန့်ရှင်းနေစေရေးနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်တို့အား ဆက်လက်ထိန်းသိမ်းသွားနိုင်ရေးတို့ကို မျှော်မှန်းပြီး လေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် အလေးအနက်ရည်မှန်းလျက် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ရောက်ရှိသော **အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies)** အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

> **“လူသားတိုင်း သက်ရှည်ကျန်းမာ ပျော်ရွှင်စွာ ရှင်သန်နိုင်ရေး၊ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန် သန့်ရှင်းနေစေရေးနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်တို့အား ဆက်လက်ထိန်းသိမ်း သွားနိုင်ရေးတို့ကို မျှော်မှန်း”**






# တနင်္သာရီတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ထားဝယ် စက်တင်ဘာ ၄**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်၊ စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေပေးနိုင်ရန်၊ ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ စကားရည်လုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အားကစားအနေဖြင့် ခါးကွင်းလှည့်ကစားနည်း၊ ခွက်နင်းကစားနည်းများနှင့် စာအုပ်များရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။ **(ဝဲပုံ)**

ပွဲတော်သို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)မှကျောင်းသား ကျောင်းသူများ၊ အမှတ်(၅)နှင့် အမှတ်(၈)ကျောင်းများမှ လာရောက်လေ့လာသူများနှင့် မဟာရွှေဂုဏ်ထူးကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၃၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြဘုတ်များနှင့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကာ ပြိုင်ပွဲများတွင် ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲကြသည့် ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများကို စက်တင်ဘာ ၅ ရက်တွင် ဆုများပေးအပ် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## သရက်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်

**သရက် စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ တက်ရောက်သည်။

ဦးစွာ သရက်ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းသည် နိုင်ငံတော်၏ အနာဂတ်စီမံချက်များအတွက် အထောက်အကူဖြစ်စေရုံသာမက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်း မှန်ကန်စေရေးအတွက် အဓိကကျကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းကို သရက်ခရိုင်အတွင်းရှိ သရက်၊ မင်းတုန်း၊ ကံမ၊ မင်းလှမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဝမ်းထွန်း(အောင်လံ)**

